www.hrw.org

Index: ASA 16//007/2015

ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း
ဥက္ကဋ္ဌ၊ နိုင်ငံရေးအကျဉ်းသားများရေးရာကော်မီတီ
ဒုတိယဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန
အမှတ် (၁၀)၊ ဇေယျာဌာနီလမ်း
နေပြည်တော်
မြန်မာ

ဗိုလ်ချုပ်ကျော်ကျော်ထွန်းခင်ဗျား

**နိုင်ငံရေးအကျဉ်းသားများ ရေးရာကော်မီတီ ဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ အိတ်ဖွင့်ပေးစာပေးပို့ခြင်း။**

လက်ကျန်နိုင်ငံရေးအကျဉ်းသားများစိစစ်ရေးကော်မီတီအား နိုင်ငံရေးအကျဉ်းသားများ ရေးရာကော်မီတီအဖြစ် ဖွဲ့စည်းကြောင်း ကြေညာခဲ့ပြီး တစ်လကြာသည့်အချိန်တွင် ယင်းကော်မီတီသစ်နှင့်ပတ်သက်၍ ကျွန်ုပ်တို့၏ စိုးရိမ်မှုများ၊ မျှော်လင့်ချက်များနှင့် အကြံပြုချက်များကို ရေးသားတင်ပြအပ်ပါသည်။

လွန်ခဲ့သည့်နှစ်နှစ် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် သမ္မတ ဦးသိန်းစိန်သည် လက်ကျန်နိုင်ငံရေးအကျဉ်းသားများ စိစစ်ရေးကော်မီတီ (စိစစ်ရေးကော်မီတီ) ဖွဲ့စည်းကြောင်း ကြေညာခဲ့သည်။ ယင်းကော်မီတီ၏ *ရည်ရွယ်ချက်မှာ "အကျဉ်းထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော နိုင်ငံရေးအကျဉ်းသားများအား လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြန်လည်လွတ်ပေးနိုင်ရေးအတွက် စိစစ်ဆောင်ရွက်ရန်"* ဟုလည်း ထုတ်ပြန်ခဲ့သည်။ ယင်းမတိုင်ခင်က အကျဉ်းသားများ လွတ်ငြိမ်းချမ်းသာခွင့် ပေးခြင်းများ အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး ၂၀၁၃ ခုနှစ်လွတ်ငြိမ်းချမ်းသာခွင့်တွင် နိုင်ငံရေးအကျဉ်းသား အများအပြား ပါဝင်ခဲ့သည်။ သို့ရာတွင် ၂၀၁၄ ခုနှစ်ရောက်တွင် အဆိုပါ လက်ကျန်နိုင်ငံရေးအကျဉ်းသားများ စိစစ်ရေး ကော်မီတီ သည်ဆက်လက်အသက်ဝင်လျက် ရှိမရှိဆိုသည်မှာ မရှင်းလင်းတော့ပါ။ ၂၀၁၅ ဇန်နဝါရီလ ၅ ရက်နေ့တွင် သမ္မတဦးသိန်းစိန်က နိုင်ငံရေးအကျဉ်းသားများရေးရာ ကော်မီတီ (ကော်မီတီ) အမည်ဖြင့် ကော်မီတီအသစ် တစ်ခုကို အဖွဲ့ဝင် ၂၈ ဦးဖြင့်ဖွဲ့စည်းခဲ့သည်။ ဤကော်မီတီသစ်တွင် ရည်ရွယ်ချက်အသစ်အဖြစ် "*နိုင်ငံရေးအကျဉ်းသားများ၏ အရေးကိစ္စများနှင့် ပတ်သက်၍ လျင်လျင်မြန်မြန်ဖြင့် အောက်ခြေအဆင့်ထိ ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေးအတွက်*" ဟုဖော်ပြထားသည်။

Company Registration: 01606776 Registered in England and Wales

ဤကော်မီတီဖွဲ့စည်းခြင်းသည် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ၊ သတင်းသမားများ၊ လယ်သမားများနှင့် အခြား ၎င်း တို့၏ လူ့အခွင့်အရေးကို ငြိမ်းချမ်းစွာ ကျင့်သုံးသူများအား ထင်သလို ဖမ်းဆီးအရေးယူနေသော အလေ့အထများကို အဆုံးသတ်သွားစေမည့် အခွင့်အလမ်းတစ်ရပ် အမှန်တကယ် ဖြစ်လာစေဖို့ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့နှင့် လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့တို့က မျှော်လင့်ပါသည်။ ဤကော်မီတီသည် ယခင်စိစစ်ရေး ကော်မီတီ၏ ချွတ်ယွင်းအားနည်းချက်များအား ပြုပြင်နိုင်မည့် အခွင့်အလမ်းရလာစေပြီး နိုင်ငံရေးအကျဉ်းသားများ အားလုံး ပြန်လည်လွတ်မြောက်စေရေးနှင့် မြန်မာနိုင်ငံတွင် စိတ်ထင်သလို ဖမ်းဆီးချုပ်နှောင်မှု အလေ့အထများ လုံးဝ အဆုံးသတ်သွား စေရေးအတွက် လိုအပ်သော ရေရှည်အတွက် စနစ်တကျ အပြောင်းအလဲ များဖော်ဆောင်ရန် အခွင့်အလမ်းတစ်ခုလည်း ဖြစ်ပါသည်။ ဤ စိုးရိမ်မှုများကို အကောင်အထည်မဖော်ပဲ ထားမည်ဆိုပါလျှင်နိုင်ငံရေးအကျဉ်းသားများအရေးကို ဖြေရှင်းရန်အစိုးရတွင် စိတ်ဆန္ဒရှိပါရဲ့လားဆိုသော မေးခွန်းများပေါ်လာမည်ဖြစ်ပြီး ကော်မီတီအသစ်ဖွဲ့စည်းလိုက်ခြင်းသည်လည်း နိုင်ငံတကာ၏ ဝေဖန်ချက်များကို လျှော့နည်းသွားအောင် လုပ်ဆောင်ခြင်းတစ်ခုဟု ယူဆစရာ ဖြစ်ပါလိမ့်မည်။

## ၁။ နိုင်ငံရေးအကျဉ်းသားများကို ပြန်လွတ်ပေးရန်ပျက်ကွက်ခြင်းနှင့် နောက်ထပ်ဖမ်းဆီးမှုများအား မတားဆီးခြင်း

၂၀၁၂ ခုနှစ်မှစ၍ လွတ်ငြိမ်းချမ်းသာခွင့်များပေး၍ အကျဉ်းသားများ အများအပြားပြန်လွတ်ပေးခဲ့ပြီး ယင်းအထဲတွင် နိုင်ငံရေး အကျဉ်းသား အများအပြားလည်း ပါဝင်ခဲ့ပြီး၊ ၂၀၁၃ ခုနှစ်တွင် အကျဉ်းသားများ စိစစ်ရေးကော်မီတီကို ဖွဲ့စည်းခဲ့သော်လည်း မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားများကို ဆက်လက် ဖမ်းဆီးမှုများ ရှိနေကြောင်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့နှင့် လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့တို့က သတိပြုမိပါသည်။ နိုင်ငံရေးအကျဉ်းသားများ အကျဉ်းထောင်များ အတွင်းတွင် ဆက်ရှိနေပြီး အထူးသဖြင့် မြေယာအငြင်းပွားမှုများနှင့်ပတ်သက်သော ငြိမ်းချမ်းစွာ ဆန္ဒပြသူများ၊ သတင်းသမားများ၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ၊ လယ်သမားများ သည် ၎င်းတို့၏ ငြိမ်းချမ်းသော လှုပ်ရှားမှုများအတွက် ဆက်လက်ဖမ်းဆီး စွဲချက်တင်ထောင်ချခံနေရကြောင်းတွေ့ရသည်။

ထို့ကြောင့် မိမိတို့၏ လူ့အခွင့်အရေးကို ငြိမ်းချမ်းစွာကျင့်သုံးမှုသက်သက်ကြောင့် အချုပ်နှောင်ခံနေရသူများ အားလုံး၏ အမှုများကို ကော်မီတီအသစ်အနေနှင့် ပြန်လည်စစ်ဆေးသုံးသပ်ပြီး ၎င်းတို့ လွတ်မြောက်လာရေး အတွက် ဆောင်ရွက်ပေးသင့်ပါသည်။

ထို့အပြင် ရာနှင့်ချီသော အရေအတွက်ရှိသည့် မိမိတို့၏ လူ့အခွင့်အရေးကို ငြိမ်းချမ်းစွာ ကျင့်သုံးမှုဖြင့် တရားစွဲဆိုခံထားရသူများ၊ တရားရင်ဆိုင်နေရသူများသည် မြန်မာနိုင်ငံ၏ နိုင်ငံရေးအကျဉ်းသားအသစ်များ ဖြစ်လာစရာ အကြောင်းရှိနေသည်ဟု မိမိတို့ ယုံကြည်ပါသည်။ ထို့ကြောင့် ကော်မီတီအသစ်သည် လက်ရှိတရားရင်ဆိုင်နေရသူများ၏ အမှုကိုလည်း ပြန်လည်သုံးသပ်ပြီး အနာဂါတ်တွင် စိတ်ထင်သလို ဖမ်းဆီးခံရသူများ၏ အမှုများကိုလည်း သုံးသပ်သင့်ပါသည်။ သို့မဟုတ်ပါက နိုင်ငံရေးအကျဉ်းသားများ ဆက်လက်ဖမ်းဆီးထောင်ချခံနေရဦးမည် ဖြစ်သည်။

## ၂။ လက်ကျန်နိုင်ငံရေးအကျဉ်းသားများ စိစစ်ရေးကော်မီတီ၏ အားနည်းချက်များ

သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်များ မကြေညာခင် စိစစ်ရေးကော်မီတီနှင့် တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ခြင်း မရှိကြောင်း ကျွန်ုပ်တို့ သိရှိရသည်။ ထို့အတွက် နိုင်ငံရေးအကျဉ်းသားများ၏ အမည်စာရင်းနှင့် ၎င်းတို့ရှိရာနေရာများကို အစိုးရထံ ပေးအပ်ခြင်း မပြုလုပ်နိုင်ခဲ့ပေ။ အဖွဲ့ဝင်အချို့သည်လည်း အကျဉ်းထောင်များသို့ သွားရောက်ခွင့်နှင့် အကျဉ်းသားများနှင့် ပတ်သက်သော သတင်းအချက်အလက်များ ရရှိရန် ခက်ခဲခြင်းတို့ကြောင့် နိုင်ငံရေးအကျဉ်းသားများကို ခွဲခြားသိနိုင်ရန် ကြိုးပမ်းချက်များ အဟန့်အတား ဖြစ်ခဲ့ရသည်။ အစိုးရအာဏာပိုင်များ၏ ပူးပေါင်းဆောင်ရွက်မှုပျက်ကွက်ခြင်းများက ကော်မီတီ အနေဖြင့် ထိထိရောက်ရောက် အလုပ်လုပ်နိုင်ရေးအတွက် ကြီးမားသော အဟန့်အတား ဖြစ်ခဲ့သည်။ ထို့ကြောင့် ယခုဖွဲ့စည်းလိုက်သောကော်မီတီသစ်သည် အစိုးရထံမှ လည်းကောင်း၊ ပါဝင်သော အဖွဲ့ဝင်များ ထံမှလည်းကောင်း လိုအပ်သော အထောက်အကူများ ရရှိရန် အလွန်အရေးကြီးပါသည်။ ထို့အပြင် အကျဉ်းထောင်များကို သွားရောက်ခွင့်နှင့် အစိုးရအရာရှိများကို မေးမြန်းနိုင်သော အခွင့်အာဏာများလည်း ရရှိထားရန် လိုအပ်ပါသည်။ ကော်မီတီကို ၎င်းအား သတ်မှတ်ပေးထားသော လုပ်ငန်းတာဝန်များ ထမ်းဆောင်နိုင်ရန် လိုအပ်သော ပံ့ပိုးမှုများ ပြည့်ပြည့်ဝဝပေးအပ်ရန်လည်း အရေးကြီးပါသည်။

စိစစ်ရေးကော်မီတီ၏ လုပ်ငန်းတာဝန်များနှင့် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍လည်း သတင်းအချက်အလက်အားဖြင့်လည်းကောင်း ပွင့်လင်းမြင်သာမှု အပိုင်းတွင်လည်းကောင်း အားနည်းလှသည်။ ကော်မီတီ၏ လုပ်ငန်းများနှင့် ပတ်သက်၍ မည်ကဲ့သို့ တာဝန်ခံလုပ်ဆောင်သည် ဆိုသည်ကို ထုတ်ပြန်ခြင်း လုံးဝမရှိခဲ့သလို ကော်မီတီ၏ လုပ်ဆောင်မှုများအကြောင်းကိုလည်း လူထုသိအောင်ထုတ်ပြန်ခြင်း အစီရင်ခံစာရေးသား ထုတ်ဝေခြင်းများ လုံးဝမရှိခဲ့ပေ။ ကော်မီတီ၏ အစည်းအဝေးများမှာလည်း ကြိုတင်စီစဉ်ခြင်းမရှိပဲ ကြုံသလို ပြုလုပ်ခဲ့ကြောင်းတွေ့ရသည်။ ၂၀၁၄ ခုနှစ်တွင် ကော်မီတီအစည်းအဝေး သုံးကြိမ်သာ ပြုလုပ်ခဲ့သောကြောင့် ကော်မီတီအဖွဲ့ဝင်အချို့နှင့် ပြည်တွင်းနှင့် နိုင်ငံတကာက စောင့်ကြည့်လေ့လာနေသူများက ကော်မီတီသည် လုပ်ငန်းများ ဆက်လုပ်နေဆဲလား ဆိုသည့် မေးခွန်းများမေးလာကြသည်။ ယခုအသစ်ဖွဲ့စည်းလိုက်သော ကော်မီတီ၏ လုပ်ဆောင်ချက်များ ထိရောက်အဓိပ္ပါယ်ရှိဖို့ဆိုလျှင် ကော်မီတီသည် အဆိုပါချွတ်ယွင်းချက်များကို ပြင်ဆင်လျှက် တိကျသော လုပ်ငန်းစဉ်ကို လူသိရှင်ကြားထုတ်ပြန်ပေးပြီး လုပ်ဆောင်ချက်များကို ပုံမှန် ထုတ်ပြန်ပေးခြင်း စသော ပွင့်လင်းမြင်သာမှု ရှိရှိ လုပ်ဆောင်ရပါမည်။

ကော်မီတီအဖွဲ့ဝင်များကိုလည်း ကော်မီတီ၏ လုပ်ငန်းများနှင့်ဆက်စပ်နေသော ကဏ္ဍများတွင် ကျွမ်းကျင်သူများကို ရွေးချယ်သင့်ပါသည်။ ဤ အချက်နှင့်စပ်လျဉ်း၍ ကော်မီတီအသစ်၏ အဖွဲ့ဝင် ၂၈ ဦးတွင် အမျိုးသမီး တစ်ဦးသာ ပါပြီး၊ ယခင်နိုင်ငံရေးအကျဉ်းသားဟောင်းများ အဖွဲ့များကို ကိုယ်စားပြုသူ နှစ်ဦးသာ ပါဝင်ကြောင်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့နှင့် လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့တို့က သတိပြုမိပါသည်။ ထို့အပြင် ကော်မီတီ သစ်တွင် ယခင်ကစိစစ်ရေး ကော်မီတီတွင် ပါဝင်ခဲ့သော နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) (အေအေပီပီ) မှ ကိုယ်စားလှယ်များ မပါဝင်တော့ကြောင့်လည်း ကျွန်ုပ်တို့ စိတ်မကောင်းစွာတွေ့ရသည်။

အေအေပီပီ ကိုယ်စားလှယ်များမှာ ကော်မီတီ၏ လုပ်ငန်းများနှင့် ပတ်သက်၍ စိုးရိမ်ချက်များကို ပွင့်ပွင့်လင်းလင်းထောက်ပြခဲ့သူများ ဖြစ်သည်။ ကော်မီတီအသစ်တွင် လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် ပါဝင်သင့်သူများ အားလုံး ကိုယ်စားပြုပါဝင်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးပါရန်လည်း တိုက်တွန်းပါသည်။

နိုင်ငံရေးအကျဉ်းသားများကို ဖမ်းဆီးထိန်းသိမ်းမှုကြောင့် ထိခိုက်ခံရသူများတွင် အမျိုးသမီး၊ အမျိုးသားများ နှင့် ကလေးများပါဝင်ပါသည်။ ကိုယ်တိုင် အကျဉ်းသား အဖြစ်ဖြစ်စေ၊ မိသားစုဝင်များ အဖြစ်ဖြစ်စေ ထိခိုက်ခံရခြင်းဖြစ်သည်။ ထို့ကြောင့် ကော်မီတီအဖွဲ့ဝင်များထဲတွင် အမျိုးသမီးအရေး၊ ကလေးသူငယ် အခွင့်အရေးနှင့် ပတ်သက်သော ကျွမ်းကျင်မှုရှိသူ သိရှိနားလည်သူများလည်း ပါဝင်စေအောင် စီစဉ်ပေးရပါမည်။

## ၃။ ဥပဒေကြောင်းအရ မှုဘောင်များ

ငြိမ်းချမ်းစွာတက်ကြွလှုပ်ရှားသူများနှင့် လူ့အခွင့်အရေးကာကွယ်သူများ ဆက်လက်ဖမ်းဆီးခံနေရခြင်းကို ကြည့်လျှင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ငြိမ်းချမ်းစွာ စုဝေးခွင့်များမှာ ဥပဒေကြောင်းအရ တင်းတင်းကြပ်ကြပ်ကန့်သတ်ခံနေရဆဲ ဖြစ်သည်ကို တွေ့ရပါသည်။

ငြိမ်းချမ်းစွာတက်ကြွလှုပ်ရှားသူများနှင့် လူ့အခွင့်အရေးကာကွယ်သူများကို ဖမ်းဆီးထောင်ချရာတွင် မကြာခဏ အသုံးပြုလေ့ရှိသော ဥပဒေများကို အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ နှင့် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့တို့က ယခုကဲ့သို့ လေ့လာတွေ့ရှိခဲ့သည်။ ဥပဒေအချို့မှာ ကာလရှည်ကြာတည်ရှိခဲ့သော ဥပဒေများဖြစ်ပြီး အချို့မှာ မကြာခင်ကမှ ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ ဤ ဥပဒေများမှ ရာဇဝတ်မှု ဥပဒေ ပုဒ်မ ၅၀၅ (ခ)၊ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း ဥပဒေ၊ အရေးပေါ် စီမံချက်အက်ဥပဒေ နှင့် နိုင်ငံတော်လျှို့ဝှက်ချက်ဥပဒေတို့ ဖြစ်သည်။ ဤဥပဒေများပါ ပြဋ္ဌာန်းချက်အချို့မှာ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေအရ ခွင့်ပြုနိုင်သော လိုအပ်သည့်အခါ သတ်မှတ်နိုင်သည့် သင့်တော်မျှတသော ကန့်သတ်ချက်များထက် များစွာကျော်လွန်သော ကျယ်ပြန့်၍ မရှင်းလင်းသည့် လူ့အခွင့်အရေးအပေါ် ကန့်သတ်ချက်များဖြစ်ကြသည်။ ဤဥပဒေများကို အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေ နှင့် စံနှုန်းများနှင့် ကိုက်ညီအောင် မပြုလုပ်နိုင်ပါက မိမိတို့ လူ့အခွင့်အရေးများကို ငြိမ်းချမ်းစွာကျင့်သုံးသူများ အဖမ်းခံရမှုများ မြန်မာနိုင်ငံတွင် ဆက်ရှိနေဦးမည် ဖြစ်သည်။

မြန်မာအာဏာပိုင်များသည် ငြိမ်းချမ်းစွာတက်ကြွလှုပ်ရှားသူများ၊ လူ့အခွင့်အရေးကာကွယ်သူများနှင့် သတင်းသမားများကို ရာဇဝတ်ပြစ်မှု ဥပဒေပါပြဋ္ဌာန်းချက်များကို အလွဲသုံး၍ စိတ်ထင်သလို ဖမ်းဆီး အကျဉ်းချခဲ့သည့် အမှုများကိုလည်း ကျွန်ုပ်တို့ အဖွဲ့အစည်းများက သတိပြုမိပါသည်။ ဤကိစ္စများတွင် အာဏာပိုင်များကို ဝေဖန်မှုပြုခဲ့သူများသည် ရာဇဝတ်ပြစ်မှု ကျူးလွန်ခဲ့သည်ဟူသော အကြောင်းပြ စွပ်စွဲချက်များဖြင့် ဖမ်းဆီးအရေးယူခံခဲ့ရသည်။

အာဏာပိုင်များသည် နိုင်ငံရေးအကျဉ်းသားများအရေးကို ကိုင်တွယ်ဖြေရှင်းလိုကြောင်း သံန္နိဋ္ဌာန်ချထားပြီး တစ်ဘက်မှာလည်း စိတ်ထင်သလို ဆက်လက်ဖမ်းဆီးမှုများရှိနေသေးလျှင် ၎င်းတို့အနေနှင့် နိုင်ငံရေးအကျဉ်းသားများ အားဖမ်းဆီးအရေးယူရသည့် အဓိက အကြောင်းရင်းများကို ကိုင်တွယ်ဖြေရှင်းရန် လိုပါသည်။ ထို့ကြောင့် ယခုကော်မီတီအသစ်၏ တာဝန်များထဲတွင် နိုင်ငံရေးအကျဉ်းသားများအား ဖမ်းဆီးရာတွင် အသုံးပြုခဲ့သော ဥပဒေများအားလုံးကို ပြန်လည်သုံးသပ်ပြီး ယင်းဥပဒေများကို နိုင်ငံတကာလူ့အခွင့်အရေးဥပဒေ၊ စံနှုန်းများနှင့် အညီဖြစ်အောင် ပြန်လည်ပြင်ဆင်ခြင်း သို့မဟုတ် အပြီးတိုင်ပယ်ဖျက်ခြင်းတို့ လုပ်နိုင်ရန် လွှတ်တော်သို့ အကြံပြုတင်ပြရန် ဆိုသောအချက်ကိုလည်း ထည့်သွင်းဖို့ ကျွန်ုပ်တို့က လေးနက်စွာ တိုက်တွန်းပါသည်။ ထို့အပြင် ကော်မီတီသည် (အာဏာပိုင်များက) ရာဇဝတ်မှု ဥပဒေပုဒ်မများကို အလွဲသုံး၍ နိုင်ငံရေးရည်ရွယ်ချက်ဖြင့် တစ်ဦးတစ်ယောက်ကို ရာဇဝတ်မှုပုဒ်မ လုပ်ကြံတပ်နေခြင်းများ ရပ်ဆိုင်းသွားအောင် သက်ဆိုင်ရာဌာနများသို့ အကြံပြုချက်များ ရေးဆွဲတင်ပြ သွားသင့်ပါသည်။

## ၄။ နိုင်ငံရေး အကျဉ်းသားဟောင်းများ၏ အခြေအနေ

နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် အခြားနိုင်ငံရေးအရ ထိန်းသိမ်းခံခဲ့ရသူများ၏ လက်ရှိ အခြေအနေပေါ်တွင်လည်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့နှင့် လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့တို့က စိုးရိမ်ပူပန်မှုရှိပါသည်။ အထူးသဖြင့် ချွင်းချက်များဖြင့် ပြန်လွှတ်ပေးခဲ့သော နိုင်ငံရေးအကျဉ်းသားဟောင်းများသည် ငြိမ်းချမ်းသော နိုင်ငံရေးလှုပ်ရှားမှုများတွင် ပါဝင်ခဲ့လျှင် ပြန်လည်အဖမ်းဆီးခံရနိုင်သည့် အခြေအနေရှိနေခြင်းအတွက် ကျွန်ုပ်တို့က များစွာပူပန်မိပါသည်။ နိုင်ငံရေးအကျဉ်းသားများကို ခြွင်းချက်မရှိပြန်လွှတ်ပေးသင့်ပြီး ၎င်းတို့၏ ရာဇဝတ်မှုမှတ်တမ်းများကို ပယ်ဖျက်ပေးသင့်ပါသည်။ ၎င်းတို့၏ အခွင့်အရေးများကို အပြည့်အဝ ကျင့်သုံးခွင့်မရအောင် ကန့်သတ်ထားသော အခြေအနေများမရှိသင့်ပဲ ယင်းကဲ့သို့ ကျင့်သုံးလျှင် ပစ်ဒဏ်ကျခံရနိုင်သည့် အခြေအနေမျိုးလည်း မရှိသင့်ပေ။

ထို့အပြင် ၎င်းတို့သည် အကျဉ်းသားဟောင်းများ ဖြစ်သည်ဆိုသည့် အချက်ကြောင့် ခွဲခြားမှုများရှိနေပြီး အာဏာပိုင်များ၏ လုပ်ထုံးလုပ်နည်းအပိုင်းအရလည်း ကန့်သတ်ခံရမှုများ ရှိနေကြောင်း ကျွန်ုပ်တို့ သတိပြုမိပါသည်။ ဥပမာ နိုင်ငံရေးအကျဉ်းသားဟောင်းများသည် နိုင်ငံကူးလက်မှတ်ရရှိရန် အခက်အခဲရှိခြင်း၊ ပြည်ပသို့ ထွက်ပြေးတိမ်းရှောင်သွားသူများလည်း မြန်မာနိုင်ငံသို့ ပြန်လာရန် ပြည်ဝင်ခွင့်ဗီဇာ ရရှိရန်ခက်ခဲခြင်းတို့ ကြုံနေရကြောင်း သိရှိရပါသည်။ ထို့အပြင် နိုင်ငံရေးအကျဉ်းသား အများအပြားမှာ ကာလတာရှည်အကျဉ်းထောင်ထဲတွင် နေခဲ့ရခြင်း၊ ယင်းကာလတွင် နှစ်ပေါင်းများစွာ တစ်ဦးတည်းချုပ်နှောင်ခံခဲ့ရခြင်းများကြောင့် ယင်းဒဏ်ရာဒဏ်ချက်များမှာ ၎င်းတို့ကိုယ်တိုင်နှင့် မိသားစုအပေါ် ထိခိုက်မှု ဆိုးကျိုးများဆက်ဖြစ်နေခဲ့သည်။

လူမှုအထောက်အကူပြုအဖွဲ့များက အကျဉ်းသားဟောင်းများကို ပြန်လည်ထူထောင်ရေး အထောက်အပံ့များ ပေးအပ်ကူညီနေကြောင်းသိရသည့်အတွက် ကျွန်ုပ်တို့ ကြိုဆိုပါသည်။ သို့သော် ဤကဲ့သို့ အစီအစဉ်များကို

အစိုးရကိုယ်တိုင်က စီစဉ်ပြုလုပ်ပေးခြင်း၊ ယင်းကဲ့သို့အစီအစဉ်များကို ကူညီအားပေးခြင်း၊ ငွေကြေးထောက်ပံ့ခြင်းများ ပြုလုပ်ခြင်းရှိသည်ဟု ကျွန်ုပ်တို့ မသိရသေးပေ။ ထို့အပြင် လောလောဆယ် နိုင်ငံရေးအကျဉ်းသားဟောင်းများအတွက် (အဖွဲ့အစည်းများက) ပြုလုပ်ပေးနေသော အစီအစဉ်များမှာ အများအားဖြင့် နှစ်သိမ့်ဆွေးနွေးခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ အကူအညီပေးခြင်းများကို ဦးတည်လုပ်ဆောင်နေခြင်းဖြစ်သည်။ သို့ရာတွင် နိုင်ငံရေးအကျဉ်းသားဟောင်းများ လက်တွေ့လိုအပ်နေသော အကူအညီများမှာ ပညာဆက်လက်သင်နိုင်ခွင့်၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ပုံမှန်ဘဝကို ပြန်ရနိုင်ရေးအတွက် အခြားလိုအပ်နေသော အကူအညီများ ဖြစ်သည်။

မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားဟောင်း အများအပြားမှာ နှိပ်စက်ခြင်းနှင့် အခြားသော ညှင်းပမ်းမှုမျိုးစုံကို ခံစားခဲ့ကြရသူများ ဖြစ်သည်။ နှိပ်စက်ညှင်းပမ်းမှုမှာ နိုင်ငံတကာဥပဒေအရ ပြစ်မှုမြောက်သော လုပ်ရပ်ဖြစ်သည်။ မြန်မာအာဏာပိုင်များအနေနှင့် တာဝန်ရှိသူများကို စုံစမ်းစစ်ဆေး၍ အရေးယူရန်တာဝန်ရှိသည်။ တာဝန်ရှိသူများဆိုရာတွင် အမိန့်ပေးကွပ်ကဲသည့် အခွင့်အာဏာရှိသူများအဆင့်အထိ ပါဝင်သည်။ ဤကဲ့သို့ နှိပ်စက်ညှင်းမှုမျိုးကို ပြုလုပ်ရန် အမိန့်ပေးညွှန်ကြားခဲ့သူ၊ သို့မဟုတ် မိမိ ကွပ်ကဲမှု လက်အောက်မှ ပုဂ္ဂိုလ်တစ်ဦးဦးက ဤကဲ့သို့ နှိပ်စက်ညှင်းပမ်းမှုများ ကျူးလွန်နေခဲ့ကြောင်း သိရှိခဲ့လျက် သို့မဟုတ် သိသင့်ခဲ့လျက်နှင့် တားဆီးရန်၊ ရပ်တန့်ရန်၊ သတင်းပို့တင်ပြတိုင်ကြားရန် ပျက်ကွက်ခဲ့သူများလည်း တာဝန်ရှိသူ ဖြစ်သည်။ နှိပ်စက်ညှင်းပမ်းခံခဲ့ရသူများနှင့် ၎င်းတို့၏ မိသားစုများသည် လုံလောက်သော ပေးလျော်မှုများလည်း ခံစားခွင့် ရသင့်ပါသည်။

ကော်မီတီအသစ်သည် ပြန်လွတ်မြောက်လာသော နိုင်ငံရေးအကျဉ်းသားများ၏ အခြေအနေကို စောင့်ကြည့်လျက် ၎င်းတို့၏ အခွင့်အရေးများ ဆုံးရှုံးမှု မရှိစေရန်၊ ၎င်းတို့အား ပြန်လွှတ်ပေးစဉ် ကန့်သတ်လိုက်သော ချွင်းချက်များကို ပယ်ဖျက်ပေးရန်၊ ၎င်းတို့ ဘဝ ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များ၊ အကူအညီများ၊ အထောက်အပံ့များ၊ လျော်ကြေးခံစားခွင့်များ ရရှိနိုင်ရေးအတွက် မဖြစ်မနေ ဆောင်ရွက်ပေးရန် လိုအပ်သည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။

### ၅။ ကော်မီတီအသစ်သို့ အကြံပြုချက်များ

ကော်မီတီအနေနှင့် လေးနက်ခိုင်မာပြီး၊ ရှင်းရှင်းလင်းလင်းပြဌာန်းထားသော၊ ပြည့်စုံသော တာဝန်တစ်ခု ချမှတ်ပြီး အကောင်အထည်ဖော်လုပ်ဆောင်နိုင်စွမ်းရှိစေရန်အတွက် အောက်ပါလုပ်ပိုင်ခွင့်များ ရှိသင့်သည်ဟု အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ နှင့် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့တို့က တိုက်တွန်းပါသည်။

- မိမိတို့၏ လူ့အခွင့်အရေးကို ငြိမ်းချမ်းစွာကျင့်သုံးမှု သက်သက်ကြောင့် တရားစွဲဆိုခံရသူများ၊ ဖမ်းဆီးခံရသူများ၏ အမှုများကို ပြန်လည်သုံးသပ်စစ်ဆေးပြီး ဖမ်းခံရသူများကို ပြန်လွှတ်ပေးပြီး တရားစွဲခံရသူများ၏ အမှုများကို ပြန်ရုပ်သိမ်းနိုင်ရန်

- နိုင်ငံရေးအကျဉ်းသားများအား ဖမ်းဆီးရာတွင် အသုံးပြုခဲ့သော ဥပဒေများအားလုံးကို ပြန်လည်သုံးသပ်ပြီး ယင်းဥပဒေများကို နိုင်ငံတကာလူ့အခွင့်အရေးဥပဒေ၊ စံနှုန်းများနှင့် အညီဖြစ်အောင် ပြန်လည်ပြင်ဆင်ခြင်း သို့မဟုတ် အပြီးတိုင်ပယ်ဖျက်ခြင်းတို့ လုပ်နိုင်ရန် လွှတ်တော်သို့ အကြံပြုတင်ပြရန်

- ရာဇဝတ်မှု ဥပဒေပုဒ်မများကို အလွဲသုံး၍ နိုင်ငံရေးရည်ရွယ်ချက်ဖြင့် တစ်ဦးတစ်ယောက်ကို ရာဇဝတ်မှုပုဒ်မ လုပ်ကြံတပ်နေခြင်းများ ရပ်ဆိုင်းသွားအောင် သက်ဆိုင်ရာဌာနများသို့ အကြံပြုချက်များ ရေးဆွဲတင်ပြရန်

- နိုင်ငံရေးအကျဉ်းသားများအား ပြန်လွှတ်ပေးသည့်အခါ အသုံးပြုသည့် ချွင်းချက်များ အားလုံးကို ရုပ်သိမ်းရန် နှင့်

- နိုင်ငံရေးအကျဉ်းသားဟောင်းများ နှင့် ၎င်းတို့၏ မိသားစုများအား လိုအပ်သော ထောက်ပံ့ကူညီမှုများ ပေးအပ်ရန်၊ လျော်ကြေးနှင့် ခံစားခွင့်များ ရပိုင်ခွင့်ရှိစေရန်၊ ပညာသင်ကြားခွင့်နှင့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိရေးနှင့် နိုင်ငံရေးအကျဉ်းသားများ ပုံမှန်ဘဝ ပြန်လည်စတင်နိုင်ရေးအတွက် လိုအပ်သော အခြား ပြန်လည်ထူထောင်ရေး အစီအစဉ်များ ရရှိစေရန်

ထို့အပြင် ကော်မီတီသည် လွတ်လပ်၊ ထိရောက် ပွင့်လင်းမြင်သာစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် အောက်ပါအချက်များကိုလည်း ဆောင်ရွက်သင့်ကြောင်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့နှင့် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့တို့ကတိုက်တွန်းပါသည်။

- ကော်မီတီ၏ အဓိက ရည်ရွယ်ချက်နှင့်တာဝန်၊ ထမ်းဆောင်ရန်ပေးအပ်ထားသည့် ရည်ညွှန်းချက်နှင့် လုပ်ငန်းဆောင်ရွက်ရမည့် အစီအစဉ်များကို အများပြည်သူသိရှိအောင် ထုတ်ပြန်ကြေညာခြင်းနှင့် လုပ်ငန်းအစီရင်ခံစာများ ပုံမှန်ထုတ်ဝေခြင်း

- ကော်မီတီအား လုံလောက်သည့် အထောက်အပံ့များပေးအပ်ထားဖို့ နှင့် အစိုးရရုံးအဖွဲ့အသီးသီးမှ ကော်မီတီအား ကူညီရန်နှင့် ပူးပေါင်းဆောင်ရွက်ဖို့ တောင်းဆိုရန်၊ အကျဉ်းထောင်များသို့ သွားရောက်ခွင့်၊ ထောင်မှတ်တမ်းများကို ကြည့်ရှုခွင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများကို မေးမြန်းနိုင်ခွင့်များ တောင်းဆိုရန်

- ကော်မီတီ၏ ရည်ရွယ်ချက်၊ သတ်မှတ်ချက်များနှင့်ကိုက်ညီသည့် လွတ်လပ်ပြီး လူ့အခွင့်အရေး အကြောင်းအရာများကို နားလည်ကျွမ်းကျင်သော ပြင်ပပုဂ္ဂိုလ်များကိုလည်း ရွေးချယ်ပြီး အရံကော်မီတီဝင်များအဖြစ်ပါဝင်ဖို့ ဖိတ်ခေါ်ရန်၊ ကော်မီတီတွင် အမျိုးသမီးများနှင့် တိုင်းရင်းသားများကို ကိုယ်စားပြုသူများလည်း ပါဝင်စေရန်နှင့်၊ အမျိုးသမီး အမျိုးသား

အခွင့်အရေးနှင့် ကလေးသူငယ်အခွင့်အရေးအကြောင်း နားလည်ကျွမ်းကျင်သူများလည်း ကိုယ်စားပြုပါဝင်စေရန်၊ ကော်မီတီတွင် နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် ၎င်းတို့၏ ကိုယ်စားလှယ်များ အပါအဝင် သက်ဆိုင်ရာအဖွဲ့အစည်း၊ ပုဂ္ဂိုလ်များကို ကိုယ်စားပြုသူများ ကျယ်ကျယ်ပြန့်ပြန့်ပါဝင်ရန်

- ကော်မီတီအဖွဲ့ဝင်များ၏ လူ့အခွင့်အရေးအသိပညာဆိုင်ရာ စွမ်းရည်မြင့်မားအောင်လုပ်ဆောင်ပေး နိုင်ရေးအတွက်လိုအပ်သော အရင်းအမြစ်ထောက်ပံ့မှုများရရှိရန် နှင့် ဤကဏ္ဍအတွက် လိုအပ်သော နည်းပညာနှင့် အကြံဉာဏ်များကို ပြင်ပ ကျွမ်းကျင်သူများထံမှ တောင်းခံရယူနိုင်ရန် နှင့်
- ကော်မီတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်များကို နိုင်ငံရေးအကျဉ်းသားဟောင်းများ၊ မိသားစုများနှင့် ၎င်းတို့ကို ကိုယ်စားပြုသူများနှင့် ညှိနှိုင်းတိုင်ပင် လုပ်ဆောင်ရန် နှင့် အမျိုးသားနှင့် အမျိုးသမီး အတွေ့အကြုံအရ ကွာခြားချက်များရှိနိုင်သည်ကို ထည့်သွင်းစဉ်းစားရန်

လေးစားစွာဖြင့်

| | |
|---|---|
| ရစ်ချတ်ဘက်နက် | ဘရက်အဒမ် |
| အာရှ-ပစိဖိတ်ဒါရိုက်တာ | အာရှဒါရိုက်တာ |
| အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ | လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ |

မိတ္တူကို -

ဦးစိုးသိမ်း၊ ဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန
ဒေါ်အောင်ဆန်းစုကြည်၊ ဥက္ကဌ၊ ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မီတီ
ဦးထွန်းရှင်၊ ပြည်ထောင်စုရှေ့နေချုပ်
ဦးဝင်းမရ၊ ဥက္ကဌ၊ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်